# အဆိုပြုလွှာများ ခေါ်ယူခြင်း : အာရှ- ပစိဖိတ် ရာသီဥတု ပြောင်းလဲခြင်း နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်း၊ ဆောင်းပါး ရေးသားရန် ထောက်ပံ့ကြေး (Grants)

အင်တာနယူးစ် ကမ္ဘာမြေ ဂျာနယ်လစ်ဇင် ကွန်ယက် (EJN) သည် အာရှ-ပစိဖိတ် ဒေသမှာရှိသည့် ဂျာနယ်လစ်တွေကို ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုဆိုင်ရာ နက်နဲသည့်၊ စုံစမ်းထောက်လှမ်းရေးသားရသည့် သတင်း၊ ဆောင်းပါး များကို ရေးသားနိုင်ရန် ထောက်ပံ့ကြေး (Grants) များပေးပြီး လူမှုအဖွဲ့အစည်းကို ဘေးအန္တရာယ်များ အသိပေးပြီး မူဝါဒချမှတ်သူတွေကို ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ဖို့ နှင့် အန္တရာယ်ဒဏ်တွေကို ကြံ့ကြံ့ခိုင်နိုင်မှု တည်ဆောက်နိုင်ဖို့ ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုသည် အာရှ-ပိစိဖိတ်ဒေသမှာ အချက်ပေးနေပြီဖြစ်ပြီး ကြီးမားသည့် မြို့ကြီးများဖြစ်သည့် ဂျာကာတာ၊ ဘန်ကောက်၊ မနီလာ မြို့ကြီးများတွင် ပင်လယ်ရေ မျက်နှာပြင် မြင့်တက်မှု နှင့် ထိန်းချုပ်မှုမရှိသည့် ဖွံ့ဖြိုးရေး တည်ဆောက်မှုများကြောင့် ရေကြီးမှု နှင့် မြေကျွံမှု ခံရနိုင်ချေများ မြင့်တက်နေပါသည်။

တချိန်တည်းမှာဘဲ လူသေကြေပျက်စီးမှုကိုဖြစ်စေသည့် အပူပိုင်းမုန်တိုင်း များနှင့် ဘဘာဝ ဘေးအန္တရာယ်များသည် အာရှ-ပိစိဖိတ်ဒေသကို မကြာခဏ တိုက်ခတ်ဝင်ရောက်လေ့ရှိလာပြီး အပူချိန်များလည်း ပြင်းပြင်းထန်ထန်မြင့်တက်လာကာ ကမ်းရိုးတန်းဒေသနှင့် မြေနိမ့်ပိုင်းဒေသများမှာ ဘေးအန္တရာယ်ကို အများဆုံးရင်ဆိုင်ရနိုင်ချေ မြင့်မားလာပါသည်။ ၂၀၁၈ ခုနှစ်အတွင်း စူပါ တိုင်ဖွန်း မုန်တိုင်း အနည်းဆုံး ၆ ခုလောက် ဒေသတွင်းမှာ ဖြတ်သန်းတိုက်ခတ်သွားပါတယ်။

ထို့အတူ ကမ္ဘာ့မြေကြီး ပူနွေးလာမှုကြောင့် သန္တာကျောက်တန်း များ၊ ပင်လယ်ထဲမှာရှိသည့် ငါးများနှင့် တခြား ရေနေသတ္တဝါများ ပျက်စီးစေပြီး ကျေးလက်ဒေသမှာရှိသည့် လူမှုအသိုင်းအဝိုင်းရဲ့ အသက်မွေးဝမ်းကြောင်းကို ထိခိုက်စေပါသည်။ ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ချေကို မြင့်တက်နိုင်ချေရှိပြီး ဇီဝ မျိုးစိတ်များကို ပျက်စီးဆုံးရှုံးစေ ပါသည်။ အရှေ့တောင်အာရှမှာရှိသည့် တချို့ ဒေသများမှာ ရာစုနှစ်အတွင်း ဆန်စပါး အထွက်နှုန်းများ တစ်ဝက်လောက် လျော့ကျလာကာ အခြေအနေများဖြင့် လိုက်လျောညီထွေမှုဖြစ်ရန် ကြိုးပမ်းမှုများလည်း မရှိကြပါဟု အာရှ ဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ပြန်ထားပါသည်။

ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း ဖြစ်သည့် Intergovernmental Panel on Climate Change (IPCC) မှ ၂၀၁၈ ခုနှစ် ထုတ်ပြန်ထားသည့် အစီရင်ခံစာမှာ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ် လာသည့် ကြီးမားသည့် အကျိုးဆက်များကို လျော့ချရန် အဆောတလျင် ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း ရေးသားထားပါသည်။

အာရှ-ပစိဖိတ်ဒေသသည် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု အမြန်ဆုံး ဒေသဖြစ်လာသည်နှင့် တပြိုင်နက် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်အဓိက အများဆုံးဖြစ်လာသည်နှင့်အတူ ပလပ်စတစ် ညစ်ညမ်းမှုနှင့် လူမှုအသိုင်းအဝိုင်းသည် ရာသီဥတု ပြောင်းလဲမှု အကျိုးဆက်များကို ပြင်းပြင်းထန်ထန် ခံစားရပြီး ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်နိုင်သည့် အရင်းအမြစ်များမရှိခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာမှုကို ရင်ဆိုင်ရမည့် အဓိက အရေးကြီးသည့် ကဏ္ဍမှာပါဝင်နေပါသည်။

ပြဿနာ၏ အရွယ်အစားက ကြီးမားပေမယ့် အဆိုပါ ဒေသမှာရှိသည့် မီဒီယာ အဖွဲ့အစည်းများသည် အထူးသဖြင့် ဒေသတွင်း မီဒီယာများသည် ငွေးစိန်ခေါ်မှု အခက်အခဲများ၏ ရှေ့တန်း မျက်နှာစာမှာရှိပေမယ့် ငွေးအကြောင်းအရာများကို ထိရောက်စွာ ရေးသားနိုင်ရန် အရင်းအမြစ်မရှိခြင်း သို့ သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုကို အထူးပြုရေးသားသည့် သတင်းထောက်မရှိခြင်းတို့ ဖြစ်နေပါသည်။ ရှုပ်ထွေးလှသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို လူမှုအဖွဲ့အစည်းကို ရှင်းပြနိုင်သည့် ၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ခြိမ်းခြောက်မှုများကို မည်သို့ လိုက်လျောညီထွေမှုဖြစ်အောင် နေထိုင်ရမလဲကို လူမှုအဖွဲ့အစည်းများကို ရှင်းပြနိုင်သည့် သတင်း၊ဆောင်းပါးများ လိုအပ်နေပါသည်။

EJN ၏ အာရှ-ပစိဖိတ် စီမံကိန်း၏ ရည်ရွယ်ချက်မှာ ရာသီဥတု ပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင် နှင့် အရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ သတင်း၊ဆောင်းပါးများကို ရေးသားနိုင်ရန် ဂျာနယ်လစ် တစ်ဦးချင်းစီကို ထောက်ပံ့ကြေး (Grants) နှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီနှင့်

အကြံဉာဏ်များပေးရန် (Mentorship) ဖြစ်ပါသည်။ အဆိုပါ အစီအစဉ်ကို ဖြစ်မြောက်ရန် ဆွီဒင်နိုင်ငံတကာ ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (Sida) မှ ငွေကြေးထောက်ပံ့ပေးထားပါသည်။

**သတင်းနှင့်ဆောင်းပါး အမျိုးအစားများ**

အာရှ-ပစိဖိတ်ဒေသအတွင်းမှာရှိသည့် မည်သည့်နိုင်ငံမဆို သို့မဟုတ် နိုင်ငံများမှ ရာသီဥတု နှင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှု သို့ သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု နှင့် ပတ်သက်သည့် နက်နဲသည့် (In-Depth) သို့ စုံစမ်းထောက်လှမ်းဖော်ထုတ်သည့် သတင်းနှင့် ဆောင်းပါးများ (Investigative Stories)များကို ရွေးချယ်မှာဖြစ်ပြီး အထူးသဖြင့် အမျိုးသမီး နှင့် တခြား ဖယ်ကျဉ်ခံရသည့် သူများ(လူငယ်၊ ဒေသခံများ၊ တိုင်းရင်းသား လူနည်းစုများ၊ မသန်စွမ်းများ)အပေါ် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်သက်ရောက်ပုံ ကို ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးကို ပေးအပ်မှာဖြစ်ပါသည်။

အလားအလာရှိသည့် ဖြေရှင်းနိုင်သည့် နည်းလမ်းများ နှင့် စိန်ခေါ်မှုများကို ထိခိုက်ခံရလွယ်သည့် လူမှုအဖွဲ့အစည်းမှ မည်သို့ တုံ့ပြန်နေလဲဆိုသည့် သတင်းနှင့်ဆောင်းပါးများကို ရေးသားရ န် တိုက်တွန်းပါသည်။

နောက်ဆုံးအနေဖြင့် ဒေသတွင်း သို့ ရာသီဥတု ပြောင်းလဲမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ဒေသတွင်းပူးပေါင်းမှုများကဲ့သို့ နယ်စပ်ဖြတ်ကျော်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ ဆုံးဖြတ်ချက်များ ချမှတ်ရာမှာ အသိပေးနိုင်သည့် သတင်း၊ဆောင်းပါးမျိုးကို မျှော်လင့်ပါသည်။

ထောက်ပံ့ကြေး၏ ရည်ရွယ်ချက်အရ အရှေ့တောင်အာရှ၊ တောင်အာရှ၊ တရုတ်နှင့် ပစိဖိတ်ဒေသ (ဩစတေးလျ သို့ နယူးဇီလန် မပါဝင်)မှ လျှောက်လွှာများ လက်ခံမည်ဖြစ်ပါသည်။

**ဘယ်သူတွေ လျှောက်သင့်သလဲ။**

ရာသီဥတု ပြောင်းလဲမှု၊ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရင်းများကို ရေးသားဖူးသည့် ဂျာနယ်လစ်များ (အွန်လိုင်း၊ စာနယ်ဇင်း (print)၊ တီဗီ နှင့် ရေဒီယို) နှင့် တခြား မီဒီယာ ကျွမ်းကျင်ပညာရှင်များ လျှောက်သင့်ပါသည်။ အလွတ်တမ်း သတင်းထောက်များ နှင့် နိုင်ငံတကာ မီဒီယာ၊ ပြည်တွင်း မီဒီယာ၊ ဒေသတွင်း မီဒီယာ နှင့် ရပ်ရွာအခြေပြု မီဒီယာများတွင် လုပ်ကိုင်နေသည့် ဝန်ထမ်းများကို လျှောက်ရန် အားပေးပါသည်။

ထောက်ပံ့ကြေး လျှောက်ရာတွင် အောက်ဖော်ပြပါ လျှောက်လွှာ ၂ မျိုးလုံးကို လက်ခံပါမည်။

- သတင်းထောက် လုပ်သက် ၅ နှစ်အောက်ရှိနေသည့် အငယ်တန်း ဂျာနယ်လစ်များ (Early Career Journalists)
- လုပ်သက် အနည်းဆုံး ၅ နှစ်ရှိသည့် အလယ်အလတ် သို့ အကြီးတန်း ဂျာနယ်လစ်များ (Mid-Level/Senior reporters)

လျှောက်လွှာ ပုံစံ တွင် (အောက်တွင် လျှောက်လွှာ Link ကို ဖော်ပြထား) မည်သည့် အမျိုးအစားကို လျှောက်မလဲ၊ ထောက်ပံ့ကြေးမှ ဘယ်လို အကျိုးကျေးဇူးများ ရနိုင်မလဲ၊ ဘယ်လို ထောက်ပံ့မှုမျိုးရရှိဖို့ မျှော်လင့်ထားသလဲကို ရေးသားပေးရမှာဖြစ်ပါတယ်။

ENJ နှင့် Sida တို့မှ သတင်း၊ဆောင်းပါးများကို တည်းဖြတ် (Edit)၊ ထုတ်ဝေ (Publish)၊ ထုတ်လွှင့် (Broadcast) နှင့် ဖြန့်ဝေ (Distribute) ခွင့်ပေးနေသည့်ကာလပတ်လုံးတွင် ထောက်ပံ့ကြေးရရှိသူများသည် သူတို့ သတင်း၊ဆောင်းပါးများကို သက်ဆိုင်ရာ မီဒီယာမှာ လွတ်လပ်စွာ ထုတ်ဝေသို့ တင်ဆက်နိုင်ပါသည်။ အလွတ်တမ်းသတင်းထောက်များသည်လည်း ထုတ်ဝေမှုဆိုင်ရာ အစီအစဉ်ကို ဖော်ပြရမှာဖြစ်ပြီး သတင်းဌာန တစ်ခုခု၏ အယ်ဒီတာမှ အဆိုပါ သတင်း၊ ဆောင်းပါး စိတ်ဝင်စားကြောင်း စာတစ်စောင်ပါ တွဲတင်ရပါမည်။

### သတင်းနှင့် ဆောင်းပါးများကို ချဉ်းကပ်ခြင်းနှင့် ပုံစံ

EJN သည် အဆိုပြု တင်ပြပုံနှင့် သတင်းတင်ပြမယ့် ပုံစံအပေါ်မူတည်ပြီး ပျမ်းမျှ အမေရိကန် ဒေါ်လာ ၁၅၀၀ ပေးမည့် ထောက်ပံ့ငွေ အစုပေါင်း (Grants) ၃၀ ခန့် ချီးမြှင့်သွားဖို့ မျှော်လင့်ထားပါသည်။ ငွေကြေးပိုမိုကုန်ကျနိုင်သည့် တီထွင်ဆန်းသစ်သည့်ပုံစံဖြင့် သို့ စုံစမ်းစစ်ဆေးမှုပုံစံဖြင့် ရေးသားသ ည့် နက်နဲသည့် သတင်း၊ဆောင်းများကို ဆုကြေးများများ ပေးရန် စဉ်းစားထားပါသည်။ **လျှောက်ထားသူများသည် တောင်းဆိုသည့် ငွေ ကြေး ပမာဏကို ပြန်လည်ရှင်းပြထားသည့် အသေးစိတ် ငွေစာရင်းကို ပေးထားသည့် ပုံစံတွင်ထည့်သွင်းရေးရပါမည်။** လျှောက်ထားသူသည် (ကင်မရာ၊ ဒရုန်း၊ မီး၊ Tripods စသည့်) တို့ဖြင့် သတင်းအား ရိုက်ကူးထုတ်လုပ်ရမည်ကို မျှော်လင့်ထားပြီး စက်ပစ္စည်းအသစ် ဝယ်ယူရန်အတွက် ကုန်ကျစရိတ်များအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

သတင်းနှင့်ဆောင်းပါးများကို တင်ပြရန်နှင့် မျှဝေရန်အတွက် မာတီမီဒီယာ (Multimedia) နှင့် အသစ် (သို့) တမူထူးခြားသော မီဒီယာ လမ်းကြောင်းများအား အသုံးပြုခွင့်ပြုပါသည်။ သတင်းအရှည် (Long-

form) နှင့် မာတီမီဒီယာ (Multimedia) သတင်းတင်ပြန်ရန် အစီအစဉ်ရှိသည့် လျှောက်ထားသူများသည် (ဗီဒီယို၊ ဓာတ်ပုံစသည့်) လိုက်ဖက်သည့်အရာများ နှင့် ၎င်းတို့၏ သတင်းလိုင်းတွင် ဖြန့်ဝေထုတ်လွှင့်ရန်အတွက် **ကုန်ကျစရိတ်နှင့် အစီအစဉ်များ** ပါဝင်ရမည်။

သတင်းများအား အင်္ဂလိပ် (သို့) ဒေသဆိုင်ရာဘာသာစကား (သို့) နှစ်မျိုးစလုံးဖြင့် ထုတ်လုပ်နိုင်သည်။ ဒေသဆိုင်ရာဘာသာစကားဖြင့် သတင်းထုတ်လုပ် (သို့) ရေးသားလိုသောသူများသည်လည်း အင်္ဂလိပ် ဘာသာပြန်ပေးရန်လိုအပ်ပါသည်။ လိုအပ်ပါက အဆိုပါ ဘာသာပြန်ခအတွက် ကုန်ကျစရိတ်ကိုလည်း ထည့်သွင်းပေးပါ။

တခြား အလှူရှင်များထံမှ ရန်ပုံငွေ လက်ခံရရှိထားပါက သင်၏ ကုန်ကျငွေပုံစံပေါ်တွင် မှတ်ချက်ပြုရေးသားပေးရန်လိုအပ်ပါသည်။

**သတင်း၊ ဆောင်းပါး၏ ပမာဏ**

- သတင်း၊ ဆောင်းပါး : စာလုံးရေ ၁၀၀၀ မှ ၃၀၀၀ အထိ
- ဓာတ်ပုံသတင်းများ : မိတ်ဆက်စာလုံးရေ (Introduction)၂၀၀-၄၀၀ ခန့်နှင့် ပုံစာများဖော်ပြထားသည့် ဓာတ်ပုံ ၁၀-၂၀ ပုံ။
- မာတီမီဒီယာ သတင်း (Package) : စာလုံးပေါင်း ၆၀၀ မှ ၁၅၀၀ အထိရှိသည့် ၂ မိနစ် - ၄ မိနစ် စာ ဗီဒီယို နှင့်/(သို့) ဂရပ်စ်ဖစ်များ (Graphics)၊ ဓာတ်ပုံများ နှင့်မြေပုံများ။
- ရုပ်သံ - အကြမ်းဖျင်းအားဖြင့် မိတ်ဆက်စာလုံး (Introduction) ၂၀၀ ခန့်ပါဝင်သည့် ၄-၆ မိနစ်ခန့်အရှည်ရှိသည့် ဗီဒီယိုဖိုင်
- အသံဖြင့် သတင်းတင်ဆက်မှု/Podcast : အသံသွင်းထားသည့် သတင်း၊ဆောင်းပါး အနှစ်ချုပ်စာသားအတိုပါဝင်သည့် မိနစ် ၂၀ အရှည်ရှိ ဆောင်းပါး။

**စံသတ်မှတ်ချက်များ**

လျှောက်ထားသူများသည် ၎င်းတို့သတင်းအဆိုပြုလွှာများ တင်သွင်းသည့်အခါ အောက်ပါအချက်များအား ထည့်သွင်းစဉ်းစားရမည်။

- **အချိန်ဇယား** : သတင်းတင်ပြမှု (သို့) သတင်းများအား ၂၀၁၉ ဇူလိုင်လ ၃၁ ရက်နေ့တွင် ထုတ်ဝေရမည်။
- **ဆက်စပ်မှု :** သတင်းအဆိုပြုလွှာများသည် စံနှုန်းနှင့် ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိသလား။ သတင်းအကြောင်းအရာအား မည်သည့်အတွက်ရွေးချယ်သလဲ။ မည်သူတွေ အတွက်ရည်ရွယ်သလဲ။

အဓိကစိတ်ကူး၊ အကြောင်းအရာသည် မိမိ၏ ရည်ရွယ်ထားသော ပရိသတ်များအတွက် တန်ဖိုးရှိသလား။

- **သတင်းရှုထောင့် -** အဓိက မီဒီယာကြီးများမှ (Mainstream Media) မှ ရယူထုတ်လွှင့်ပြီးသတင်းဖြစ်ပါက အဆိုပါ သတင်းအကြောင်းအရာတွင် မတူညီသောရှုထောင့်အသစ် (သို့) ဆန်းသစ်သောရှုထောင့်ဖြင့် သတင်းတင်ပြရမည်။
- **သတင်းအကျိုးသက်ရောက်မှု -** သတင်းတင်ပြမှု (သို့) စုံစမ်းစစ်ဆေးမှု အကြောင်းအရာများသည် သတင်းအချက်အလက်ပေးစွမ်းနိုင်မှု နှင့် အချိတ်အဆက်ရှိမှု၊ အာရုံစူးစိုက်ရန်ဆွဲဆောင်နေမှု၊ ဝေဖန်ဆွေးနွေးရန် အစပျိုးပေးခြင်း နှင့် တိုက်တွန်းနိုးဆော်ပေးခြင်း စသည့် စိတ်ဝင်စား၊ ဆွဲဆောင်မှုရှိသလား။
- **တီထွင်ဆန်းသစ်သော သတင်းတင်ပြမှု** - တီထွင်ဆန်းသစ်သော သတင်းချဉ်းကပ်မှု နှင့် အချက်အလက်များအား ပုံဖြင့်ပြသခြင်း ( Data Visualization) အသုံးပြုမှုကိုလည်း ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။
- **ဖြစ်နိုင်ခြေရှိမှု**- လက်တွေ့လုပ်ဆောင်ရာတွင် သတ်မှတ်ထားသည့် အချိန်အတွင်း သတင်းတစ်ပုဒ်ပြီးနိုင်သလား။ ငွေစာရင်းသည် လက်တွေ့ကျသလား။
- **မတူညီကွဲပြားမှု -** အထက်တွင်ဖော်ပြခဲ့သော စံသတ်မှတ်ချက်များအပြင် ခွင့်ပြုမည့်သူအား ရွေးချယ်ရာတွင် ကျား၊ မ နှင့် ပထဝီဝင်ဆိုင်ရာ အခြေအနေများအားလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

**မည်သို့လျှောက်ထားရမည်နည်း။**

- လျှောက်ထားသူများသည် အောက်မှာ ဖော်ပြထားသည့် Link ကို ကြည့်ရှုပြီး နောက်ဆုံးသတ်မှတ်ထားသည့်အချိန်မတိုင်မီ (Form) ပုံစံတွင်ဖြည့်စွက်ပေးပို့ရမည်။
- လျှောက်ထားသူတစ်ဦးချင်းဆီသည် ငွေကြေးဆိုင်ရာ အသေးစိတ်စာရင်း တစ်ခု ပါဝင်ရမည်။ အောက်ဖော်ပြထားသည့် Link ကိုကြည့်ရှုပြီး ငွေစာရင်းပုံစံကို Download ရယူ လျှောက်ထားခြင်းမပြုမီ ငွေစာရင်းပုံစံကို ဖြည့်စွက်ပြီး ရမည်။
- ထို့အပြင် ဖောင် (ပုံစံ)တွင်ပါသည့် မေးခွန်းများအားဖြေဆိုရမည်ဖြစ်ပြီး လျှောက်ထားသူများအား လျှောက်လွှာ/ ကိုယ်ရေးအကျဉ်း (CV) အားတင်သွင်းရန်နှင့် သင်၏ သတင်းနမူနာ ၃ ပုဒ်ကို ပေးရန်လိုပါသည်။

နောက်ဆုံးထားလျှောက်ထားရန် (DEADLINE) - အင်ဒိုချိုင်းနားစံတော်ချိန် (ICT) ညနေ ၅ နာရီ၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ ၂၀၁၉ခုနှစ်။